# နေနွယ်စိမ်းမြိုင်



## ချစ်ခြင်းသည်သာလျှင်

ပန်းချီမောင်ကျော်ညွန့်●အဖုံး

(၁)

စင်စစ် ... သက်က သွေးလှူချင်လို့ ပါ။

သက်ရဲ့ ကိုယ်ခန္ဓာထဲမှ သွေးတွေကို ဖောက်ထုတ်လှူဒါန်းပြီး တဖက်သားကို အသက်ကယ်လိုက်နိုင်တဲ့ ကုသိုလ်မျိုး ရချင်လို့ ပါ။ သွေးလှူဖို့ အတွက် သက်က မိမိဝီရိယနှင့် မိမိ လိုအပ်သော စစ်ဆေးချက်များ အားလုံး လုပ်ထားပြီးဖြစ်နေသည် ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးလှူဒါန်းရာဌာနသို့ သွားရမည်။ သက်မှာ ကိုယ်ခံအားကျဆင်းသော ရောဂါမရှိ။ ကာလသားရောဂါမရှိ။ ငှက်ဖျားမရှိ။ သွေးတိုးရောဂါလည်း မရှိ။ သွေးလှူရှင်တစ်ဦးအနေနှင့် မရှိသင့်သော ရောဂါတစ်ခုမျှမရှိ။

သက် သွေးလှူဖို့ အဆင်သင့်ဖြစ်နေပါပြီ။

သို့ပေမဲ့ သက်နှင့် အဖော်လိုက်ပေးမည့် သူငယ်ချင်း တာတာ၊ အလုပ်သင် ဆရာဝန်မကလေး ဒေါက်တာခင်ကြည်ဖြူတာက အလုပ်ရှုပ်နေ၏။ သူက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနမှာ တာဝန်ကျနေ၏။ ခဏကြာလျှင် တာဝန်မှ ထွက်မည်။ အဲသည် အခါကျ သင်နှင့် အတူ လိုက်ခဲ့ပြီး သက် သွေးလှူနိုင်ဖို့ ကူညီဆောင်ရွက်ပေးမှာ ဖြစ်သည် ။ အဲသည် အတွက် သက်က တာတာ အလုပ်ခွင်မှ ထွက်ချိန်၊ တာဝန်ချိန်ကုန်ဆုံးသည် ထိ ထိုင်စောင့်ကြည့်နေတာပါ။

ဩော်ကွယ် ...။ အားကျစရာ ကောင်းလိုက်တာ။ ပြီးတော့

မုဒိတာပွားဖို့ ကောင်းလိုက်တာ။ တစ်ဖက်သားရဲ့ အသက်ကို ပြေးလွှား ကယ်ဆယ်နေသူတွေလောက် ကုသိုလ်ရတာ ရှိပါဦးမလား။ ကြည့်ပါဦး။ သူများ တွေ သူများ တွေ။ ကိုယ်နှင့် ဘယ်လိုမှ သွေးသားတော်စပ်ကြသူ တွေ မဟုတ်သော သူစိမ်းသက်သက်တွေကို မျှဝေခံစားပြီး ပြုစုယုယနေ လိုက်ကြတာ၊ ကြင်နာနေလိုက်ကြတာဟာ ဘယ်လောက်ချီးကျူးဂုဏ် ယူဖို့ ကောင်းလိုက်ပါသလဲ။ ကိုယ့်မှာ သာ အရည်အချင်းလေး တစ်စက် တစ်ပွင့်ရှိခဲ့ရင် အဲသည် ကူညီမည့် အုပ်စုထဲ ကိုယ်လည်း ဝင်ပါချင်လိုက် တာ။

ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၏ မြင်ကွင်းတစ်ခုရယ်လေ။

"သက်ရေ ... ခဏနော် ..."

အပြုံးတစ်ပွင့်နှင့် ဝါကျတိုတစ်ခုကို ပြေးလွှားပေးသွားရင်း လူကိုယ် တိုင်ကတော့ သွေးထွက်သံယို အုပ်စုကြီးဆီသို့ ရောက်သွားပါလေပြီ။ အဲ သည် သူငယ်ချင်း 'တာတာ' ဟာ ချစ်ဖို့ ကောင်းလိုက်တာ။ အားကျဖွယ်။ သူများ မနာမကျင်အောင် သူက ပြေးလွှား ကူညီနေရတာ။

"ဆေးရုံမှာ ... တို့ ဟောက်စ်တွေ အလုပ်အရှုပ်ဆုံးပဲလို့ ပြောရင် ဆ ရာ့ ဆရာကြီးတွေက ဖနောင့်နဲ့ များ ပေါက်မလားပဲ၊ တကယ်တော့ ဆ ရာကြီးတွေလည်း ဟောက်စ်ဘဝက တက်လာတာပဲမို့ ပေါက်မယ်တော့ လည်း မထင်ပါဘူး ...

"တကယ်ကွာ ... ဆရာကြီးတွေကျတော့ လူနာတစ်ယောက် မြင်လို က်တာနဲ့ ရောဂါအခြေအနေ ဘာညာဆိုတာလည်း ချက်ချင်း သဘောပေါက်သွားတာ၊ တို့ ကျတော့ ဒိုင်ယာဂနော့စ် မှားမှာ ကြောက်ရ တယ်၊ ဆုံးဖြတ်ချက်မှားမှာ ကြောက်ရတယ် ...

"ကိုယ့်ထက်တတ်တဲ့ ဆရာဝန်တွေလည်း ပြေးမေးရတယ်၊ လော

လောဆယ် လုပ်ရမယ့် ကိစ္စလည်း ကိုယ်ပဲ လုပ်ချင်တယ်၊ လုပ်နိုင်မှ တတ်မှာ လေ၊ ဘယ်တစ်ခုကိုမှ လွှတ်မပေးလိုက်နိုင်တော့ တို့ အလုပ်ချည်းပဲ ...

"အထူးသဖြင့်ကွာ၊ အရေးပေါ်များ ရောက်ရင် အမလေး ဘာလေးတွေ ကြားထဲမှာ ကိုယ်ပါရောပြီး ရှုံ့မဲ့မိတယ်၊ ကျောရိုးထဲက ကျင်သလိုလို၊ ဗိုက်ကပဲ အောင့်လာသလိုလို၊ အရေးပေါ်လူနာက ရောဂါသည်းရင်သည်းသလို ...

"ဟောဒီရင်ဘတ်ကြီးထဲ တိုက်ရိုက်လာမှန်တာကွ၊ သိလား ..." တဲ့ ။

တာတာပြောခဲ့တာ ခုတော့ လက်တွေ့ဖြစ်ရပါပြီ။ "သင်္ကြန်တောင် မကျသေးဘူး ... ရိုက်မှုတွေ လာပြီ။ သင်္ကြန်တွင်းဆိုကွာ၊ အရေးပေါ်မှာ ဘာစည်သလဲ မမေးနဲ့ ၊ ထိပ်ပေါက် ခေါင်းကွဲ ခြေကျိုး လက်ကျိုး ရိုက်မှု တို့ ကားအက်ဆီးဒင့်တို့ ..."

အလုပ်လုပ်ရင်း စကားကို ရအောင်ပြောသွားသေးသည့် တာတာ့ကို မချီးကျူးဘဲ မနေနိုင်ပါ။

"ရန်ဖြစ်တာလေ ... ညီအစ်ကိုချင်း ဖြစ်တာကို ဝင်ဖြန်ဖြေတဲ့ သူငယ်ချင်းက အထိနာတာ၊ ဟိုဘက်က အစ်ကို၊ ဘေးနားကဟာ ညီ တစ်ကိုယ်လုံး သွေးရွှဲပြီး သတိလစ်နေတာက သူငယ်ချင်း ..."

ပြောပြနေသူ အမျိုးသမီးကြီးက သူ့သား အသည်းအသန် ဗိုက်အောင့်ပြီး အရေးပေါ် ရောက်လာတာပေမယ့် သားဖြစ်သူက အရေးပေါ်သို့ ရောက်မှ ကံကောင်းစွာ သက်သာသွားတော့ လူနာကုတင်ပေါ်မှာ လဲလျောင်းရင်း အခြေအနေ ခဏစောင့်နေရသည် ။ သူ့သားက သက်သာသည် မို့ အမျိုးသမီးတို့ ထုံးစံအတိုင်း ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့် မေးမြန်း၊ စပ်စုသိလာရသမျှကို မသိသေးဘူးထင်ရသူထံ ဖြန့်ဝေ။

"ဟင် ... သွေးမရှိဘူး ဟုတ်လား၊ အေဘီနော် ..."

တာတာ့အသံကို သဲ့သဲ့သာ ကြားရပြီး လူကိုတော့ မမြင်ရပါ။ အေဘီ ဆိုတာနှင့် သက် ကိုယ်ကလေး တောင့်မတ်သွားရ၏။ ခုချက်ချင်း သက် ရဲ့ သွေးကို ဖောက်ထုတ်လှူဒါန်းခွင့် ရလိုက်လျှင် ဘယ်လောက်ကောင်း မလဲ။ သက်ရဲ့ အစစအရာရာ ရောဂါကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ် နေသော သွေးက အေဘီလေ။ ပြီးတော့ သွေးလှူဖို့ ထိုင်စောင့်နေတဲ့ သူ။

"သက်ရေ ... လာ လာ ... သက် စစ်ဆေးထားတဲ့ စာရွက်စာတမ်း တွေ တာတာ့ကိုပေး ..."

တာတာ ဆွဲခေါ်ရာနောက်သို့ လိုက်ခဲ့ရာမှာ လျှောက်လှမ်းမိသည် တောင် မထင်ပါ။ ခြေထောက်မှာ ဘီးတပ်၍ ပဲ လိမ့်လေသလား၊ လေထဲ မှာ များ ဝဲပြီး လိုက်ခဲ့မိလေသလားမသိ။ တာတာက လာဆို၍ လာလိုက် ရသည် ။ အိပ်ဆို၍ အိပ်လိုက်ရသည် ။ စိတ်ငြိမ်ငြိမ်ထားဆို၍ ထားလိုက် ရသည် ။ မကြောက်နဲ့ နော် ဆိုတော့ "မကြောက်ပါဘူး ..." ဟု ပြောလို က်သည် ။

"ဘာဖြစ်လဲ ... တာတာ့ကိုပြော မူးလား ..."

"ဘာမှ မဖြစ်ဘူး၊ မမူးဘူး ..."

ခုမှ ပဲ တာတာ့ခမျာလည်း ရှင်းပြနိုင်အား၏။ အေဘီသွေးက ဟိုဘ က် ဆေးရုံမှာ လည်း ပြတ်နေလို့ စောစောကတောင် လှမ်းတောင်းသေး၊ စင်ထရယ်ဝူးမင်း (ဗဟိုအမျိုးသမီးဆေးရုံ) ကို လှမ်းတောင်းရမလား၊ အ ရှေ့ပိုင်း၊ အနောက်ပိုင်း၊ သဃ်္ဃန်းကျွန်း၊ အလုပ်သမား၊ ပြေးရမလား။ ဘာပဲဖြစ်ဖြစ် သွေးပြေးတောင်းနေဖို့ အချိန်တော့ယူရမည်။ ဒီလူနာက စောင့်နိုင်သော အခြေအနေမှာ ရှိပါ့မလား ရှိတော့မည် မထင်။

"ဆရာကြီးဆီမှာ အမိန့်တောင်းပြီး အရေးပေါ်ဆိုတဲ့ အတိုင်း အရေးပေါ်စီစဉ်လိုက်ရတာပဲ သက်ရယ် ... သက် သွေးကလည်း အောဘီ၊ သွေးလှူဖို့ အတွက် အစစအရာရာ စစ်ဆေးမှုတွေလည်း လုပ်ပြီးသားအဆင်သင့်၊ လှူလည်း လှူမယ့်သူ၊ သွေးလိုတဲ့ လူကလည်း အရေးပေါ် ကောင်းလိုက်တာ ကိုယ်လှူတဲ့ သွေး၊ လိုတဲ့ လူဆီ တန်းရောက်သွားတာ သက်ပီတိဖြစ်စမ်းပါ ... ဟိုမှာ ကြည့် ..."

"ဟင် ..."

သက်မျက်နှာ ကွက်ခနဲပျက်သည် ။ တာတာကတော့ ခုထိ သတိမရသေးသော လူနာကို ချက်ချင်း သွေးသွင်းနိုင်ဖို့ စီစဉ်နေပါပြီ။ သူ စီစဉ်နေပုံက အလောတကြီးနိုင်၏။ ရေးကြီးသုတ်ပျာလည်း ဖြစ်နေသည် ။

"သွေး ... သုံးပုလင်းလောက်တော့ သွင်းရမယ် ... လောလောဆယ်တစ်ပုလင်းလောက်မှ မသွင်းလိုက်နိုင်ရင် ဒီလူနာ မလွယ်တော့ဘူး ..."

ဟုတ်ပါရဲ့ ။ လုပ်ရင်းပြောရင်း ဖြစ်နေသည့် တာတာ့စကားကို 'သက်' ဆေးပညာ နားမလည်ပေမယ့် ထောက်ခံနိုင်ပါ၏။ တစ်ကိုယ်လုံးက အနီရောင်ကြီး ဖြစ်နေ၏။ လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာထဲမှာ သွေးတွေဘယ်နှစ်ဂါလံလောက်များ လှည့်ပတ်သွားလာနေပါလိမ့်။ အဲသည့် လှည့်ပတ်သွားလာနေသော သွေးတွေ အကုန်လုံးအပြင်ဖက်သို့ ရောက်နေပြီထင်သည် ။ သူ့ကိုယ်ထဲမှာ သွေးတစ်စက်တလေတောင် ကျန်တော့မည်မထင်ပါ။ တော်ရုံသတ္တိနှင့် ဆို ကိုယ်ပါရော၍ သွေးပျက်နိုင်၏။ အဲသည်လောက် အဖြစ်ဆိုးနေသူဟာ 'သက်' ရဲ့ မျက်စေ့အောက်မှာ ရှိနေသည် ။

သူဟာ 'နေနှုန်း' ဆိုသော စနေသား။

"သားဦး စနေ" ဟု မေမေ အမြဲကဲ့ရဲ့ ခဲ့သောသူ။

"သားဦး စနေ ... မီးလိုမွေသတဲ့ ၊ သူ့မိသားစုထဲ ဘယ်လောက်မွေမွေ ၊ စိတ်ကြိုက်မွေစမ်းပါ ... ဒီဖက်မိသားစုထဲ လာမွေတာတော့ မကောင်းပါဘူး ..." တဲ့ ။

"ဘဝအဆက်ဆက် ရန်သူမိသားစုအစစ် ..." တဲ့ ။

ဖေဖေ အသည်းရော အူပါ ဆတ်ဆတ်ခါ နာကြည်းမုန်းတီး ပါလေသောသူ။ ဒါဖြင့် သက်ကကျတော့ရော မနာဘူးလားဆိုလျှင် သက်လည်း နာသင့်သလောက် နာပါသည် ။ သက်တို့ မိသားစုအတွက် ဆိုးကျိုးတွေကို သယ်မလာစေချင်ပါ။ သက်ကလည်း သူတို့ မိသားစုရဲ့ ပျက်စီးရာပျက်စီးကြောင်းကို သွားရောက် မသယ်ပို့လိုပါ။ ဘဝပေါင်းများ စွာမှာ ဝဋ်ကြွေး အပြန်အလှန် တင်ရှိခဲ့သည် ဆိုလျှင် ယခုဘဝ သက်တို့ ဘက်က ပိုမိုနစ်နာပါသည် ဟု ခံယူထားသည့် ဘဝမှာ ဝဋ်ကြွေးမှန်သမျှ ကြေပါစေတော့ရယ်လို့ ဖြတ်ချပစ်ခဲ့ချင်ပါသည် ။

အဲသည် ပုဂ္ဂိုလ်ကို သက်က ကိုယ်ခန္ဓာထဲမှ သွေးတွေ ထုတ်လှူကာ အသက်ကယ်ရမည်တဲ့ ။ ကယ်မည်ဟု သက် ပြောပြီးပြီ။ ပြောစဉ်ကတော့ 'သူ' မှန်း မသိလို့ ပြောလိုက်တာ။ သူမှန်းသာသိလျှင် သက် ပြောဖြစ်ပ့ါမလား မသေချာ။ ခုတော့ ပြောပြီးခဲ့ပြီ။ ခုချိန်မှာ ဘွာခတ်ပြီး ခေါင်းရမ်းလို့ လည်း မဖြစ်တော့။

"အဲဒီ စနေသားမို့ သက် မလှူတော့ဘူး တာတာရယ် ..."

ဟု ပြောလိုက်ရမလား။

အို တာတာ့ စက်ဆုပ် မျက်ဝန်းတွေအောက်မှာ သက် တစ်ကိုယ်လုံး တောင် ကြေမွသွားနိုင်သည် ။ သက်ဟာ စက်ဆုပ်ဖွယ် လူသားအဖြစ်နဲ့ သူယုတ်မာ ဖြစ်သွားတော့မှာ ။ သက်ရဲ့ စိတ်ထား ဘယ်လောက်သေးသိမ်နိမ့်ကျတယ်ဆိုတာ လူတကာ အသိအမှတ်ပြုတော့မှာ ။ သက်ဟာ တ

ကယ့်ကို အောက်တန်းစားတစ်ယောက် ဖြစ်သွားရတော့မှာ ။ သွေးတွေလည်း ထုတ်ပြီးသွားပြီ။ ပြီးတော့ စောစောတုန်းက တက်ကြွစိတ်နဲ့ ကြိုတင် ဖြစ်ထွန်းပြီးသား ကုသိုလ်လေးကိုလည်း မစွန့်လွှတ်သင့်ပြီ။ ဆရာဝန်တို့ မည်သည် မှာ ချစ်သူ မုန်းသူ မရှိရာတဲ့ ။ ဆေးဝါးကုသမှုကို ပြုလုပ်ပေးရမည်သာတည်းတဲ့ ။ သက်ဟာ ဆရာဝန် မဟုတ်ပေမယ့် ဆရာဝန်မလေး တစ်ယောက်ကို ကူညီဖို့ စေတနာပေါက်မြောက်ခဲ့သူ။ စွန့်ခြင်းကြီး ငါးပါးထဲမှာ တောင် ပါဝင်သော အသွေးကိုစွန့်လှူရခြင်း ကုသိုလ်ယူဖို့ ဆုံးဖြတ်ပြီးခဲ့သူ။ ကိုယ်နှင့် မသင့်မြတ်သော ငြိုးသူရန်ဖက်မို့ သူ့အသက်ကို မကယ်တော့ပါဘူးဆိုလျှင် သက်ကို မည်သူမှ ခွင့်လွှတ်ကြမည် မဟုတ်ပါ။

ထက်သန်ခဲ့ပြီးသော သဒ္ဓါတရားလေး ရင်ထဲကို ပြန်ဝင်ပါ။ ရှေ့ပြေးစေတနာလေး အကောင်အထည်ဖော်ပါစေတော့။ ပြီးတော့ သက်ဟာ သူလိုလူတစ်ယောက်အပေါ်မှာ ကိုယ်ခန္ဓာထဲက သွေးတွေကိုတောင် ထုတ်ပေးနိုင်ခဲ့သော သူတော်စင်မလေးအဖြစ် ထာဝရ မုဒိတာ ပွားပါရစေတော့။ စိတ်ကောင်းလေးတွေရယ် ရင်ထဲမှာ နေပါ။

ပွားများ ခဲ့ပြီးသား စေတနာ သဒ္ဓါတရားလေးကို ခိုင်မြဲစွာ ဖမ်းဆုပ်ထားလိုက်တော့သည် ။

ဒီလို စိတ်ကောင်းလေး မွေးလိုက်တော့လည်း ပီတိဖြစ်ရပါဘိ။ သက် ကိုယ်ထဲက သွေးတွေ ထုတ်လှူလိုက်ပါတယ်။ လူသားတစ်ယောက် အသက်ရှင်ဖို့ ။ အဲဒီလူသားဟာ သက်တို့ နဲ့ မိသားစုလိုက် ရန်သူ။ သက်ဟာ ရန်သူတစ်ယောက်ရဲ့ အသက်ကို ကယ်နေလေရဲ့ ။ ဘယ်လောက်ကြည်နူးချမ်းမြေ့ရပါသလဲ။ သက် ... ကုသိုလ်တွေ ရလိုက်တာ။

******

"သက် ..."

"ဟင် ... တာတာ ... သူ ဘယ်နှယ့်နေသေးလဲ ..."

"သတိတော့ မရသေဘူး ... ဒါပေမဲ့ ... ပိတ်စလို ဖြစ်နေတဲ့ သူ့အသားတွေမှာ သွေးရောင် နည်းနည်းဝင် လာပြီ ... သူ မသေတော့ဘူး ... သက် ..."

"သက်ရဲ့ သွေးနဲ့ တင် လုံလောက်သွားလို့ လား ..."

"လုံတော့မလုံလောက်ဘူး၊ နောက်ထပ်နှစ်ပုလင်းလောက် သွင်းရဦးမယ် ... ဒါပေမဲ့ ... သွေးတူကို စောင့်ရှာဖို့ အချိန်မီသွားပြီ။ သက်သာ မလှူခဲ့ရင် ... သူဟာ ခုလောက်ဆို အသက်မရှိတော့ဘူး ... သက် ကုသိုလ်တွေ ရလိုက်တာ သက်ရဲ့ သွေးဟာ အဲဒီလူအတွက် အသက်ဆက်သွေးပဲ "

ကောင်းလိုက်တာ။ ပီတိဆိုတာ ဒါပဲလို့ သက် ခံစားလိုက်ရပါပြီ။

"သက် ... နုန်းသေးလား ..."

"မနုန်းပါဘူး ... တာတာ့ ဂျူတီ ထွက်ပြီလား"

"ထွက်ပြီ ... စောစောထဲက ထွက်တာလေ၊ ဂျူတီချိန်းတုန်း လူနာရောက်လာတာ၊ သူ့ဂျူတီ ငါ့ဂျူတီ လုပ်နေလို့ မဖြစ်ဘူးလေ၊ ရောက်လာတဲ့ သူကလည်း ဝင်လုပ်၊ ပြန်မယ့်သူကလည်း မပြန်ဘဲ ဆက်လုပ်ရတာပေါ့၊ သွေးထွက်သံယိုတွေ အများကြီး ဆုံရောက်လာတဲ့ ဟာ ..."

သက်နှင့် တာတာဆိုတာ သူငယ်တန်းကတည်းက ဆယ်တန်းထိ တ

တွဲတွဲ မခွဲဘဲ ပေါင်းခဲ့သော ငယ်သူငယ်ချင်းတွေပါ။ ဆယ်တန်းအောင်တော့ တာတာက ဆေးတက္ကသိုလ်ဝင်သည် ။ သက်က အင်္ဂလိပ်စာမေဂျာ ရသည် ။ သက်သာ ဘွဲ့ရသွားရော ပညာသင်နှစ်ကြောရှည်သည့် ဆရာဝန်လိုင်းမှာ တာတာက ကြိုးစားရတုန်း၊ ခုတော့ တာတာ ကျောင်းပြီးလို့ အလုပ်သင်ဆရာဝန် ဖြစ်နေပြီ။ သက်ကတော့ အင်္ဂလိပ်စာအထူးကျွမ်းကျင်သူမို့ ကုမ္ပဏီတစ်ခုမှာ နိုင်ငံခြားသားဘော့စ်၏ အတွင်းရေးမှူးမလေး ဖြစ်နေသည် ။ ကျောင်းတွေ အလုပ်တွေ ကွဲပြားသွားသည် မို့ တတွဲတွဲ မခွဲ မနေနိုင်ကြတော့ပေမယ့် သက်နှင့် တာတာသည် အချစ်ဆုံးသူငယ်ချင်းတွေအဖြစ် ရှိဆဲ ဖြစ်၏။ ရှားရှားပါးပါး အားရက်ကလေးများ ဆုံလျှင် မကြုံကြုံအောင် ချိန်းချက်ဆုံတွေ့ကြရသည် ။

ဒီနေ့က သက်အားသည် ။ တာတာက ဂျူတီမှ ထွက်လျှင် အားပြီ။ အဲသည့် အတွက် သက်က တာတာ့ဂျူတီထွက်ချိန်ကို လာစောင့်ခေါ်ပြီး သွေးလည်း လှူမည်၊ ဗိုလ်ချုပ်ဈေးထဲလည်း မွှေကြမည် ဖြစ်၏။ ခုတော့ သက် ခေါင်းနည်းနည်း မူးချင်၏။ ဗိုလ်ချုပ်ဈေးထဲ မွှေဖို့ လုံးဝ စိတ်မပါတော့သလို ခံစားရသည် ။ သက်အိမ်ပြန်ချင်သည် ။ အိပ်ရာထဲမှာ နားချင်သည် ။ ကိုယ်ယူခဲ့ပြီးဖြစ်သော ကုသိုလ်လေးအတွက် မုဒိတာပွားချင်၏။ ကိုယ်မွေးယူဖြစ်လိုက်သော စိတ်ကောင်းလေးအတွက် ပီတိပွားချင်၏။ သက် အလွန်အကျိုးထူးမြတ်သော ကောင်းမှုတစ်ခုကို ပြုလိုက်ရသလို စိတ်ထဲ ရင်ထဲ အလွန်ကျေနပ်နှစ်သိမ့်နေရပါတော့သည် ။

"ကောင်းပါတယ် ပြန်နားပေါ့ ... ကိုယ်လိုက်ပို့မှာ ... ဒီမှာ သက် ..."

"ဟင် ..."

"သက် ... သွေးလှူလိုက်တဲ့ သူကို ဘယ်သူမှန်းသိပြီလား ..."

သက် ပီတိလေးနှင့် စိမ့်စိမ့်ပြုံး၏။

"ကိုယ်လည်း အစကတော့ သွေးတွေနဲ့ ဖုံးနေလို့ ဘယ်သူမှန်းမသိဘူး ... ဘယ်သူဖြစ်ဖြစ် အသက်ကယ်ဖို့ ကသာ ပိုအရေးကြီးတာ မဟုတ်လား ..."

သက် ခေါင်းညိတ်၏။

"သွေးသွင်းတော့မှ သူ့မျက်နှာပေါ်က သွေးတွေ ဆေးကြော၊ ခေါင်းက ဒဏ်ရာကို ချုပ်တော့မှ ..."

"ဘယ်နှချက် ချုပ်ရသလဲဟင် ..."

"မပြောချင်ဘူး၊ ဆယ့်နှစ်ချက်တောင် ..."

"ဘာနဲ့ အခုတ်ခံရတာလဲ ..."

"ဓားရှည်နဲ့ ... ဧည့်ခန်းမှာ အလှချိတ်ထားတဲ့ ဂျပန်ကင်ဒိုဓားနဲ့ ... ညီအစ်ကိုချင်း ရန်ဖြစ်တာတဲ့ ၊ တစ်ယောက်က အရက်မူးနေတယ်၊ တစ်ယောက်က ဆေးငြိမ့်ရင်း ရန်ထဖြစ်ရတော့ ဆေးကြောင်သွားတာလည်း ပါတယ်ထင်ပါရဲ့ ၊ ရန်ဖြစ်တဲ့ ညီအစ်ကိုက တော်ရုံရယ်၊ ဝင်ဖြင်တဲ့ လူချည်း ဝိုင်းရိုက် ဝိုင်းခုတ်ကြတယ် ထင်ပါရဲ့ ၊ ဒီလူကလည်း ညီအစ်ကိုရန်ဖြစ်တဲ့ အချိန်မှာ မှ အဲဒီအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတယ် ... အစ်ကို့သူငယ်ချင်းတဲ့ ..."

"အသက် စိုးရိမ်ဖို့ မရှိတော့တာ သေချာပြီပေါ့နော် ..."

"သေချာပြီ ... သူတို့ အိမ်ကလူတွေလည်း ရောက်လာကုန်ကြပြီလေ၊ သိတယ်မှတ်လား ... သူဌေးတွေချည်းဆိုတော့ ... သည်းလည်း သည်းတယ် ..."

သက် ပြုံးလေ၏။

"ရောဂါလည်း သည်းတယ်၊ အဖြစ်လည်း သည်းတယ်ကွာ၊ ဆူညံနေတာပဲ၊ ကိုယ့်ဂျူတီကတော့ ကုန်ပြီ၊ သက် ... သူ ဘယ်သူဆိုတာ သိခဲ့လား ..."

သက် ခေါင်းညိတ်လေ၏။

"ဟင် ... သက် သိတယ် ..."

"သက် ... သူ့မျက်နှာကို သေသေချာချာ မြင်ပြီး ကိုယ်လှူလိုက်တဲ့ သွေးအတွက် ပီတိဖြစ်ရတာပါ ..."

"ကွန်ဂရက်ကျူလေးရှင်း သူငယ်ချင်း ..."

တာတာက သက်လက်ကို ဆွဲ၍ နှုတ်ဆက်၏။

"သက်ရဲ့ စိတ်စေတနာ၊ ကြီးမားမြင့်မြတ်မှုကို ကိုယ်တစ်သက်လုံး ချီးကျူးနေတော့မယ်၊ ဝမ်းသာတယ် သူငယ်ချင်း ..."

"အစကတော့ မသိဘဲ လှူမယ်လို့ ပြောလိုက်တာ၊ ပြီးမှ သူမှန်း သိလိုက်ပေမယ့် လှူဖြစ်သွားတာဟာ ပျော်စရာပဲပေါ့နော် ..."

"ဒါပေါ့ ... ဒါပေါ့ ... သူ့အမေကြီးက သူ့သားဟာ သွေးတစ်ပုလင်းကြောင့် အသက်ရှင်ခွင့် ရသွားတယ်ဆိုလို့ ကျေးဇူးရှင် ဘယ်မလဲ၊ အသက်သခင် ဘယမလဲ မေးနေတယ် ..."

"အို ... မတွေ့ချင်ပါဘူး ..."

"ကိုယ်လည်း ထင်တယ်၊ တွေ့ချင်မှာ မဟုတ်ဘူး လို့ ... အရေးပေါ်ကို သူ့အကြောင်းနဲ့ သူ ရောက်လာတဲ့ ဒွေ့သည် အမျိုးသမီးတ်စယောက်ပါ လို့ ... ပြန်သွားပြီဆိုတော့ ဘယ်ကလဲ ဘယ်သူလဲ ပိုက်ဆံဘယ်လောက်

ကန်တော့ရမလဲ လုပ်နေတယ် ..."

သက် မျက်နှာလေး ယွဲ့ယွဲ့မဲ့သည် ။

"ပိုက်ဆံသွားပေးရင်း ဟိုက ပေါက်ပြီးသား သဒ္ဒါလေးတောင် ပျောက်သွားနိုင်တယ်၊ သူတို့ လည်း ဆင်းဆင်းရဲရဲထဲက မဟုတ်ဘူး ဆိုတော့ အဖွားကြီးက ပိုတောင်သဘောကျသွားတယ် ... သက်ရယ် ... အသက်ရှင်ရတာချင်းတူတူတောင် သူဌေးသွေးနဲ့ မှ ပျော်ပျော်ကြီး ရှင်ချင်တယ်၊ ဆင်းရဲသား သွေးနဲ့ ဆိုရင် ရှုံ့ရှုံ့မဲ့မဲ့ပဲ ရှင်ချင်တဲ့ ပုံစံ ..."

သက်ပြုံးရပြန်၏။

"လိပ်စာပြောပါတဲ့ ... ငွေမယူလည်း လက်ဆောင်တစ်ခုခု ပေးပါရစေတဲ့ ၊ ကိုယ်က အပြတ်ပြောလိုက်တယ်၊ သွေးလှူရှင်ကလည်း ဒီလို ကျေးဇူးဆပ်တာမျိုး မခံချင်လို့ သူ ဘယ်သူလဲဆိုတာလည်း မပြောပါနဲ့ ၊ သူ့လိပ်စာလည်း မပြောပါနဲ့ မှာ သွားတယ် ... လို့ ..."

"ကောင်းလိုက်တာ တာတာရယ် ကျေးဇူးတင်လိုက်တာ"

"ဘာပစ္စည်းမှ မပေးပါနဲ့ လို့ ကျေးဇူးသိပ်ဆပ်ချင်နေရင်တော့ အမှတ်တရ စက္ကူကဒ်ပြားလေးပဲဖြစ်ဖြစ်၊ အဲဒီပေါ်မှာ စာရေးပြီး ပေးလိုက်ပေါ့၊ ခမ်းနားချင်ရင် ရွှေစာလုံးတွေ ဘာတွေ နှိပ်ပေါ့၊ ကျွန်မ ပေးပေးပါ့မယ်၊ ကိုယ်တိုင် သွားပေးရင်တော့ လက်ခံမှာ မဟုတ်ဘူး လို့ ပြောလိုက်တယ် ..."

"တာတာရယ် ... ဂုဏ်ပြုမှတ်တမ်းကတ်ပြားကြီး လုပ်လာပါဦးမယ်"

"လုပ်လာမှာ "

"သက်က အဲဒါကြီး ဘာလုပ်ရမှာ လဲ"

"မှန်စီရွှေချ ကနုတ်နဲ့ ဘောင်သွင်းပြီး အိပ်ခန်းထဲမှာ ချိတ်ထား"

"ဧည့်ခန်းမှာ တောင် မဟုတ်ဘူး လား"

"ဧည့်ခန်းသွားချိတ်ရင် သက်တို့ အကြောင်း သိထားတဲ့ လူတိုင်းက အံ့ဩပြီး စပ်စုကုန်ကြမှာ ပေ့ါ၊ သက် ဘယ်သူဘယ်ဝါဆိုတာသာ မပါမှာ ၊ သွေးလှူရှင် သွေးအလှူခံသမားရဲ့ နာမည်နဲ့ လိပ်စာက အသေအချာပါမှာ ..."

'သွေးလှူရှင်' ဆိုသော စကားအတွက် သက် တခိခိ ရယ်လိုက်သည် ။ သက်ရဲ့ စိတ်တွေ ပေ့ါပါးလတ်ဆတ်နေတော့၏။ သက်ဟာ ဤ က မ္ဘာမ ှာ သဘောထားအကြီးဆုံး စိတ်ကောင်း လူသားလေး ဖြစ်ခဲ့ရပြီလေ။

"သူတို့ ရှိသေးလား ..."

"ဝါဒ်ထဲ ရောက်သွားပြီ မတွေ့ရတော့ပါဘူး လာ ... ပြန်စို့ တာတာ ပို့ခဲ့မယ်"

သူ့ငယ်နာမည်က တာတာပေမယ့် စင်စစ် ဒေါက်တာခင်ကြည်ဖြူ တာဟု လူသိများ ပါသည် ။ အလုပ်သင်ဆရာဝန်ဆိုပေမယ့် သူမ ဆရာသမားတော်ကြီး၏ ဆေးခန်းမှာ ပညာယူရင်း ဝိုင်းကူပေးနေသည် မို့ ဆရာကြီး နာမည်ကြီးသလို သူပါရော၍ လူသိများ နေရခြင်း ဖြစ်တော့သည် ။ စာတော်၍ ဆေးလိုက်ကာ၊ စေတနာလည်း ကောင်း၏။ ပြီးတော့ သွက်လက်ထက်မြက်သေးသည် ။ ကားကို ကိုယ်တိုင်မောင်း၏။

"တာတာ့ကို အားကျလိုက်တာ"

"ဘာလဲ ကားမောင်းလို့ လား ... ခုခေတ်မှာ မိန်းမသားတွေ အားနဲ့သူပါရှင် လုပ်နေရင် ဘာအလုပ်မှ မပြီးတော့ဘူး ကိုယ့်အားကိုယ်ကိုးမှ

ရတယ်"

သက်တို့ အိမ်မှာ လည်း ကားတစ်စီးရှိပါသည် ။ သို့ပေမယ့် ယာဉ်မောင်းမရှိ။ မောင်းတတ်သော မေမေက မောင်းပို့မှ သွားနိုင်သည် ။ ဖေဖေ့ကို မောင်းပို့ပေးပါ ပြောဖို့ ကလည်း မဖြစ်နိုင်တာ များ သည် ။ မေမေ့ကို အားနာတာနှင့် သက်ခမျာ အိမ်က ကားကို မစီးရတာ များ သည် ။ ရုံးတက်ရုံးဆင်းမှာ တောင် ကုမ္ပဏီက ကြိုပို့ကားကို စောင့်စီးရတော့ အိမ်မှ စော၍ လည်း ထွက်ရသည် ။ သူ့စောင့်ကိုယ့်စောင့်နှင့် နောက်ကျမှ ပြန်ရတာမျိုးလည်း ရှိသည် ။ သက်လည်း ကားမောင်းတတ်ချင်၏။ ပြီးတော့ ဖေဖေမောင်းနေသည့် ကားကို ယူသုံးစရာမလိုဘဲ သက်ပိုင်ကား တစ်စီးလည်း ရချင်၏။ သက်ပိုက်ဆံ စုရပါဦးမည်။ သက်တို့ ကဆင်းတောင့်ဆင်းရဲ မဟုတ်ပေမယ့် ခြံကြီးဝင်းကျယ်ထဲက နှစ်ထပ်တိုက်ကြီးဟာ ဘိုးဘွားပိုင်မို့ နေနိုင်ပေမယ့် စည်းစိမ် တော်တော်များများ ဟာ "ကိုကိုမိုးထက်တိုး" ဖြုန်းတာနှင့် ကုန်ခဲ့ပြီ။

ပြီးတော့ ... ကွယ်လွန်ခဲ့ပြီဖြစ်သော မမမိုးသခင်တိုးက အိမ်မှ ထွက်သွားစဉ် နောင်တစ်ချိန်မှာ လူကြီးမိဘတွေက ပစ်ထားမယ်မှန်း အသေအချာ ယုံသည် မို့ "စားလောက်သောက်လောက်" အောင် လို့ များ စိတ်ကူးသလားမသိ။ ယူချသွားခဲ့သော လက်ဝတ်ရတနာတွေလည်း စုပ်စမြုပ်စ ပျောက်ခဲ့ပြီ။ မိုးထက်တိုး၊ မိုးသခင်တိုး၊ သက်သခင်တိုး ဆိုသော မောင်နှမသုံးယောက်မှာ သက်သည် သာလျှင် အလိမ္မာဆုံးဟု ပြောနိုင်ပါသည် ။ သက်သည် မိဘစိတ်ဆင်းရဲအောင် လုပ်ခဲ့သူ မဟုတ်ပါ။ လောလောဆယ်မှာ ပင် မိဘကို ကိုယ့်ချွေးနည်းစာဖြင့် လုပ်ကျွေးနေသူဖြစ်ပါသည် ။ သို့ပေမယ့် သက်လက်ထက်မှာ ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်ခဲ့သမျှတို့ ပြောင်သလောက်နီးပါး ဖြစ်နေပြီ။ သက် အပြစ်မဟုတ်ပေမယ့် စီးပွားပျက်ဒဏ်ကို သက်က ကျုံးခံနေသလို ဖြစ်၏။ ဒီတိုင်းတော့ ဘ

ယ်နေပါဦးမလဲလေ။

မိဘလုပ်ကျွေးသော၊ မိဘကို စိတ်ဆင်းရဲအောင် မပြုမူသော၊ ပြီးတော့ ရန်သူကိုပင် အသက်ကယ်ခဲ့သော ‘သက်သခင်တိုး’ ဆိုသည့် မိန်းမသားအတွက် နေသာ၍ လပွင့်ချိန်ဆိုတာ ရှိလာရဦးမှာ ပါလေ။

******

(၂)

ဆန်းပြားသလောက် ရှားပါးပြီး လှလည်း လှပ ပါပေသည် ။ ကျော က်စိမ်းက တော်တော်လေးကို အရည်အသွေးကောင်းသည် ။ ကရင်ဆိုဒါရောင် ... ဟု ခေါ်သည် တဲ့ ။

သက် ... ပျိုဖော်ကလေး ဝင်စပြုချိန်မှာ ရတနာတို့ နှင့် တော်တော် လေး ကင်းစိမ်း ပြတ်တောက်ခဲ့ပါပြီ။ ကိုကိုမိုးထက်တိုးကလည်း ပျက်စီး စပြုပြီ။ အိမ်မှာ တွေ့သမျှ အဖိုးတန်ပစ္စည်းတွေကို လူကြီးတွေ မမြင်လျှ င်ခိုးသည် ၊ မြင်လျှင် ပြောင်ပြောင်ကြီး ဆွဲချသွားတတ်သည် ဆိုသော အ ဆင့်သို့ရောက်နေပြီ။

"ကိုကို မသိစေနဲ့ ..."

သားအကြီးဆုံးပေမယ့် မိဘစည်းစိမ်ကို အသိပေးလို့ မဖြစ်ပြီ။ သမီး ငယ်နှစ်ယောက် ရှိရာမှာ မိုးသခင်တိုးက အကြီးမို့ ပို၍ တိုင်ပင်ခြင်းခံရ သည် ။ သမီးကြီးအဖြစ် လူရာပိုသွင်း၏။ သက်သခင်တိုးက အငယ်မို့ ခို သာသလို ခိုနေလိုက်တာလည်း ပါသည် ။ စိတ်ဝင်တစားမရှိတာလည်း ပါသည် ။ မေမေသည် ဘိုးဘွားစဉ်ဆက် အမွေအနှစ်အဖြစ် ဆက်ခံခဲ့ရ သော စိန်ရွှေရတနာများကို ထုတ်လို့ တောင် မဝတ်ရဲရှာ။ ကျစ်ကျစ်ပါ အောင် သိမ်းရ၏။ မိုးထက်တိုး ဘယ်လိုမှ ရှာမရအောင် ဖွက်ရ၏။ တစ် နေရာထဲလည်း အမြဲမထားဝံ့ပါ။ ဟိုပြောင်းဒီရွှေ့လည်း လုပ်ရသေးသ

ည် ။ အဲသည် လို လုပ်တိုင်း၊ ဖေဖေတောင် စိတ်ပျက်စိတ်ညစ်၍ သိလိုစိတ်မရှိတော့ချေ။

မေမေနှင့် မမပဲ တိုးတိုးတိတ်တိတ် ကြိတ်၍ တိုင်ပင်ကာ သိမ်းဆည်းဝှက်ထည့်ရလေ၏။ မေမေက လက်ဝတ်လက်စားကို ပုံဆန်းမျိုးစုံလုပ်၍ အင်္ကျီရောင်နှင့် တွဲဖက်ဝတ်ဆင်ရတာ ဝါသနာပါသည် ။ ဒုက္ခခံ၍ လဲလှယ်ဝတ်ဆင်၏။ ဝတ်လည်း ဝတ်နိုင်ခဲ့သည် ။ မိုးသခင်တိုးလည်း ဝတ်ဝတ်စားစား ခေတ်ကို မီလိုက်သေးသည် ။ ရတနာဆိုတာကို မှန်ဘီလူးလေးတစ်ခုနှင့် ကြည့်ဖို့ ဝါသနာထုံခဲ့ဖူးသည် ။ သက်သခင်တိုးသည် သာလျှင် ကင်းစိမ်းရမည့် အချိန်ကျမှ အရွယ်ရောက်လာသည် မို့ ဝါသနာမပါတော့တာလား မသိပါ။ သူများ တွေ "အရည်" ကောင်းလှချည်ရဲ့ ဆိုသော ရတနာတစ်တုံးကို လမ်းပေါ်မှာ တွေ့လျှင် ကောက်ယူဖို့ သက်သခင်တိုး နားမလည်ပေ။ ခုကျောက်စိမ်းပြားသည် ကျောက်စိမ်းလောကမှာ တော်တော်ကောင်းသည့် ကျောက်စိမ်းဆိုပဲ။

လေးလက်မသုံးလက်မအရွယ် ထောင့်မှန်စတုဂံပုံ၊ တမတ်ဒုလောက်ရှိသော ကျောက်စိမ်းပြားသည် "ဆ" ကြည့်သည့် အခါမှာ လေးလေးနှစ်နှစ်ရှိလှ၏။ ထိုကျောက်စိမ်းပြားကို ဒေါင့်လေးဒေါင့်မှာ ပန်းကနုတ်ဖော်ထားသော ရွှေဘောင်ကွပ်၏။ ကျောဘက်မှာ ရွှေပြားခံထားသည် ။ ဒေါက်ကတော့ ငွေဒေါက်။ ထောက်မှန်တစ်ခုလို ဓာတ်ပုံတစ်ခုလို တစ်နေရာရာမှာ ဒေါက်ထောက်၍ အလှတင်ထားနိုင်၏။ ကျောက်စိမ်းပြား၏ ကျောဘက်ရွှေပြားပေါ်မှာ စာတွေထွင်းထားသည် ။

**ကျေးဇူးစား**

**နေနှုန်း**

**အမှတ် (xxx) သံလွင်လမ်း၊ ရန်ကုန် ...** တဲ့ ။

ကျေးဇူး ... ကို ခံယူစားသုံးသူ၏ အမည်နှင့် နေရပ်လိပ်စာဖြစ်သည် ။ ကျောက်စိမ်းပြား၏ မျက်နှာစာပေါ်မှာ တော့ ရွှေကို နန်းဆွဲပြီး စာလုံးဖော်၍ ကပ်ထားသည် ။

**အသက်သခင်သို့**

**အမှတ်တရ**

ရှေ့ဘက်မှ ရွှေစာလုံးတွေ ခိုင်မြဲစေရန် ကျောက်စိမ်းပြားကို အပေါက်ဖောက်ပြီး ကျောဘက်မှ ရွှေစာနှင့် ဆက်ထားသည် ။ ကျေးဇူးတစ်ခုကို အကြီးကျယ် အခမ်းနားဆုံး ပေးဆပ်လိုက်ခြင်းပါပဲ။ နေနှုန်း ဆိုသော ယောက်ျားတစ်ယောက်သည် သွေးတစ်ပုလင်းကြောင့် အသက်မသေ ရှင်သန်ခဲ့ရသည် ။ နောက်ထပ် ဆက်လက်ရှာဖွေသွင်းဖို့ သွေးပုလင်းတွေအတွက် လောလောဆယ် သွင်းလိုက်ရသော တစ်ပုလင်းကိုမှ မရလျှင် သူ သေမည်။ ဤတစ်ပုလင်းသောသွေးသည် နေနှုန်းအတွက် အသက်ကယ်သွေးစစ်စစ် ဖြစ်၏။ အဲသည် ကျေးဇူးအတွက် သွေးတစ်ပုလင်း တန်ဖိုးကို သောင်းနှင့် သိန်းနှင့် ချိ၍ နေနှုန်း၏ မိခင် ဒေါ်ခင်ကြည်မျိုးရှိန်က ဝယ်နိုင်ပါသည် ။ သူတို့ မှာ သားဆိုလို့ ဒီတစ်ယောက်ပဲ ရှိသည် ။

မွေးတုန်းက နှစ်ယောက်။

သားကြီးက နေနှုန်း၊ သားငယ် တက်နေ၊ နှစ်ယောက်လုံး စနေသားတွေချည်း။ သူများ တွေက စနေကြောက်ကြသည် ။ ဦးကျော်လွင် ဒေါ်ခင်ကြည်မျိုးရှိန်တို့ မှာ တော့ သားဦးစနေ မွေး၏။ ဒုတိယသားလည်း စနေပဲဆက်မွေးပြီး သည် နောက်မှာ တက်လိုက်တဲ့ စီးပွား။ လက်ညှိုးညွှန်လျှင် ရွှေဖြစ်နေ၏။ စနေအကျိုးပေးပါဘိခြင်း အဲသည် လို အကျိုးပေးလှသော စနေသားနှစ်ယောက်အနက်မှ သားငယ် တက်နေက ကွယ်လွ

န်ခဲ့ပြီ။ သားကြီး နေနှုန်းသည် တစ်ဦးတည်းသောသား ဖိုးဖိုး ဦးမျိုးရှိန်၊ ဖွားဖွားဒေါ်ကြည်ကြည်ဝင်း၏ တစ်ဦးတည်းသော မျိုးဆက်၊ နေနှုန်းဟု လူသိများ ပေမယ့် နာမည်ရင်းက 'နေနှုန်းရှိန်' ဖြစ်၏။

ဤနေနှုန်းရှိန်သာ တစ်ခုခုဖြစ်ခဲ့လျှင် ရှိန်မျိုးဆက်ပျက်ပါပြီ။

နေနှုန်းအသက်ကို ကယ်ဖို့ သွေးတစ်ပုလင်းထုတ်လှူခဲ့သော 'သူငယ်မလေး' သည် ကျေးဇူးရှင်စစ်စစ်ကြီး ဖြစ်၏။ ထိုသူငယ်မလေးက သူလည်း ပဲ ကြေးရတတ် လူကုံထံပေပဲမို့ ငွေမလိုပါတဲ့ ။ ကျေးဇူးဆပ်ခံရမှာ စိုးလွန်းလို့ နေရပ်လိပ်စာနှင့် နာမည်ကိုတောင် မပြောခဲ့ပါတဲ့ ။ စေတနာသန့် လိုက်လေ။ ဆရာဝန်မလေးက ဂုဏ်ပြုလွှာမှတ်တမ်းကတ်ပြားတစ်ခု ရိုက်ပေးလိုက်ပေ့ါဟု ပြောခြင်းမှာ ရယ်စရာပြောတာလည်း ဖြစ်နိုင်သည် ။ ကျေးဇူးရှင်မလေး၏ ရွှေမလိုငွေမလို အဆင့်အတန်းကို ပြချင်တာလည်း ဖြစ်နိုင်သည် ။

ဒေါ်ခင်ကြည်မျိုးရှိန်က ဂုဏ်ပြုမှတ်တမ်းတစ်ခုကိုပဲ ပြန်ပေးပါသည် ။ ထိုမှတ်တမ်းသည် ကြီးကျယ်ခမ်းနား၏။ တန်ဖိုးကြီး၏။ ကျောက်စိမ်းထက်မှာ ရွှေသားစစ်စစ်နှင့် အက္ခရာတင်လိုက်သည် ။

**အသက်သခင်သို့**

**အမှတ်တရ**

"ကျေးဇူးရှင် အသက်သခင်မလေးကို ဒေါက်တာကပဲ ကျေးဇူးပြုပြီး ပို့ပေးပါ" ... တဲ့ ။

ခုတော့ ကျောက်စိမ်းပြားလေးက သက်သခင်တိုးထံသို့ ရောက်ရှိလာခဲ့ပြီလေ။

"ဒီလောက်တန်ဖိုးကြီးတာကြီး မလိုချင်ပါဘူးကွယ် ..."

"ယူလိုက် ယူလိုက် အဲဒါ ... သူဌေးဝါဒ ခေါ်တယ် ... တန်ဖိုးအလွန် တရာကြီးတဲ့ ပစ္စည်းကို တန်ဖိုးမကြီးလေဟန်နဲ့ အလွယ်တကူသုံးစွဲခြင်း ဟာ သူဌေးဝါဒတဲ့ ... မသိရင်မှတ်ထား ..."

"ဩော် ... သူများကို သူဌေးသွားပြောနေတယ် ... သူ့ကျတော့ရော မ ဌေးလို့ လား ..."

နေနှုန်းတို့ တာတာတို့ နှင့် နှိုင်းစာလျှင် သက်က သူဌေးစာရင်း မဝ င်နိုင်ပြီလေ။

"ဟော့ ... တာတာတို့ ဌေးတယ်ဆိုတာ ဒေါ်ခင်ကြည်မျိုးရှိန် မုန့်ဖိုး လောက်ပဲရှိမယ် ... စနေသားနှစ်ယောက် ဆက်တိုက်မွေးပြီးကတည်းက တက်လိုက်တဲ့ စီးပွားတဲ့ ကွယ် ..."

"ဘာတွေ လုပ်လို့ ဒီလောက် စီးပွားတက်သွားရတဲ့ လဲ ..."

"ကန်ထရိုက်တိုက်ဆိုတာ အခုခေတ်စားလာတာ ဆယ်နှစ်ကျော်ကျော်လောက် ရှိဦးမှာ နော် သူတို့ က လွန်ခဲ့တဲ့ နှစ်ပေါင်း အစိတ်လောက်ကတည်းက မြေကွက်ဈေးပေါပေါတွေ့ရင် ဝယ်ထားတ ယ် ... တိုက်ဆောက်တယ် ပြန်ရောင်းတယ် ...

"ဦးကျော်လွင်ရဲ့ ညီက အကျိုးဆောင်ကုမ္ပဏီထောင်တယ်တဲ့ ... ရှေ့ နေလည်း ရှေ့နေ ... သူ့ဆီက အိမ်ခြံမြေဝယ်ရင် သူက ဥပဒေအကျိုး ဆောင်လည်း ဖြစ်တော့ နောက်ပိုင်း ပြဿနာမရှိဘူး ...

"အဲဒီအကျိုးဆောင်ကုမ္ပဏီကို လာအပ်တဲ့ ခေါင်းကိုက် ဗိုက်နာ ခြံ တွေ မြေတွေဆို ဦးကျော်လွင် ဒေါ်ခင်ကြည်မျိုးရှိန်တို့ က အောက်ဈေးနဲ့ အကုန်သိမ်း ... ဆိုပဲ ... အဲဒါတွေက လှိမ့်ပိမ့်မြတ်တာ ..."

"သူများ လို သောင်းဂဏန်း သိန်းဂဏန်းမှ မဟုတ်တာ မြတ်လိုက်ပ

လားဆို ... သိန်းဘယ်နှဆယ်လဲ ..."

သက်က ရယ်နေလိုက်သည် ။

ခြံချင်းကပ်မို့ သူတို့ စီးပွားတက်မှန်း ရိပ်မိပါသည် ။ သူတို့ ခြံထဲမှာ ပျော်ပွဲရွှင်ပွဲ အကျွေးအမွေး အလှူအတန်းတွေက အခြိမ့်ခြိမ့်ကျင်းပမစဲရှိကာ ကိုယ့်သာမဖိတ်တာ ကိုယ်တို့ လည်း အပေါ်ထပ်ကနေ တွေ့နေရတာပဲ။ ကိုယ့်မိသားစုမှာ ခြံနှင့် တိုက်နှင့် ကားနှင့် မေမေ ဒေါ်သက်ထားခင်လည်း စိန်နားကပ်တစ်ရံတော့ ပန်ဆဲဖြစ်ပေမယ့် ကိုယ့်စီးပွားကျဆင်းတာ ကိုယ်ပဲ သိသည် ။ တိုက်နံရံဆေးကွာလို့ မှ မသုတ်ဘဲထားတာကြာတော့ ကိုယ့်စီးပွားရေးကို သူတို့ လည်း ရိပ်မိမယ်ဆို ရိပ်မိနိုင်ကောင်းပါသည် ။

"သူတို့ ဘာသာ သူတို့ ဘယ်လောက်ဌေးဌေး သက် ... ဒါကြီးမယူချင်ဘူး တာတာရယ် ..."

"ဟော့ ... သွေးလှူရှင်က ကျေးဇူးဆပ်မခံပါဘူး ပြောထားရက်နဲ့ ဂုဏ်ပြုမှတ်တမ်းလိုဟာမျိုး စက္ကူပေါ်ရေးရမှာ ကျောက်စိမ်းပေါ် ရွှေနဲ့ နှိပ်တယ် ဒါ ... သူတတ်နိုင်လို့ သူသုံးတာပဲ ... သက်က စက္ကူနဲ့ မင်လို့ ပဲ သဘောထားလိုက်ပေါ့ ..."

"ဒီလောက်ကြီးတဲ့ ကျောက်စိမ်းပြားကြီး ဈေးကြီးမှာ ပဲနော်"

"အရည်ကလည်း ကောင်းသေးတယ် ... အရုပ်တွေ စိတ်ပုတီးတွေလုပ်တဲ့ အကာသားမျိုးလည်း မဟုတ်ဘူး ကွ ... တကယ့်အရည်ကောင်း ကျောက်စိမ်းတုံးကြီးကို အပုပ်ခံ အလေခံပြီး အပြားလိုက် လှီးချထားတာဆိုတော့ ဈေးကတော့ ဘာကြီးမလဲ မမေးနဲ့ ..."

"ဒါမျိုးဆန်ဆန် ... တရုတ်သိုင်းကားတွေထဲမှာ တော့ တွေ့ဖူးတယ် ..

."

"အေး ဟုတ်တယ် ... ကျောက်စိမ်းကို တရုတ်စာလုံး ထွင်းထားတာလေ အဲဒိက အိုင်ဒီယာရလားမှ မသိတာကွ"

"ဘာပဲဖြစ်ဖြစ် မယူချင်ဘူးကွာ ..."

"ဩော် ... သူတို့ က လက်ဝတ်ရတနာအဖြစ် ပေးတာမှ မဟုတ်တာ . .. လည်ဆွဲတို့ လက်ကောက်တို့ ကျောက်စိမ်းဝမ်းဆက်ပေးရင်တောင် ကိုယ်ကလည်း ငြင်းဖို့ တိုက်တွန်းမှာ ပါ ... ခုဟာက ဂုဏ်ပြုလွှာသက်သက်ပဲ ..."

"သူဌေးကပေးတာမို့ တန်ဖိုးကြီးနေတာတော့ မတတ်နိုင်ဘူး ယူထားပါကွာ ... တကယ့်ကို အမှတ်တရပေါ့ သက်တို့ မိသားစုနှစ်စုကြားမှာ သက် ရလိုက်တဲ့ အမြတ် ..."

"သွေးလှူရှင်က သက် မှန်းသိရင် ... သူတို့ ဘယ်လိုဖြစ်ကြမလဲ မသိဘူးနော် ..."

"အေး ... ဒီကျောက်စိမ်းပြားအစား ဘာပေးမလဲ မသိဘူး သူတို့ သားက အသေခံပြီး သွေးမယူဘဲ နေချင်နေမှာ ..."

"ဖြစ်နိုင်တယ် ..."

တာတာက နားချတော်၏။ နောက်ဆုံးတော့ သက် ယူထားဖြစ်လိုက်သည် ။

"သက် နာမည်က အဖေနာမည် မပါရင် သက်သခင် သူတို့ ရေးထားတာက အသက်သခင်ဆိုတော့ 'အ' တစ်လုံးဖြုတ်လိုက်ရုံပဲ ..."

"ဟုတ်ပါရဲ့ ..."

ခုတော့ ကျောက်စိမ်းပြားလေးက သက် ရင်ခွင်မှာ ကျန်ရစ်ခဲ့ပါပြီ။ ပါးမှာ ကပ်တော့ အေးမြစွာ ခံစားရသည် ။ သက်တို့ စီးပွားရေး ကျဆင်းသည် ဆိုပေမယ့် ကိုယ့်တိုက်ထဲမှာ ကိုယ့်အခန်းနှင့် ကိုယ်တော့ နေနိုင်သေးသည် မို့ သက်က အခန်းတံခါးကို ပိတ်ထားလိုက်သည် ။ မေမေ့ကို အသိပေးသင့်မသင့် စဉ်းစားရပါဦးမည်။ ဟိုဘက်ခြံမှ နေနှုန်းကို သက်ကိုယ်ထဲမှ သွေးတွေ ဖောက်ထုတ်လှူဒါန်းခဲ့မှန်း မေမေသိလျှင် ဘယ်လို ခံစားရမှာ လဲ။

ဦးတင်မောင်တိုး ဒေါ်သက်ထားခင် ဆိုသော သက်ရဲ့ မိဘနှစ်ပါးဟာ စိတ်ပုပ်စိတ်ယုတ်တွေ မဟုတ်ကြပေမယ့် ဟိုဘက်ခြံက လူသားတွေအပေါ်မှာ မေတ္တာမထားနိုင်တာတော့ အသေအချာပါ။ သက်တောင်မှ ခုနေ နေနှုန်းအတွက် သွေးတစ်ပုလင်း လှူပါလားတောင်းလျှင် မလှူဖြစ်ဖို့ များ သည် ။ များ တာ မဟုတ်ပါ။ မလှူဖြစ်မှာ သေကိုသေချာတာပါ။ ခုတော့ တိုက်ဆိုင်စွာ ...။

တာတာ့ကို ချီးကျူးအားကျနေသည် ။ သဒ္ဒါတရားတွေ ပေါက်မြောက်နေသည် ။ စေတနာတွေ သွန်ကျနေသည် ။ လှူမည်ဟု ပြောလိုက်ပြီးပြီ၊ အဲသည် အချိန်ကျမှ နေနှုန်းဖြစ်နေလို့ မလှူတော့ပါဘူး မပြောချင်တာနှင့် လှူရင်းလှူရင်း ကိုယ့် ကိုယ်ခန္ဓာထဲမှ သွေးတွေ တစ်စက်ချင်း တစ်ပေါက်ချင်း ထုတ်ရင်း၊ ထုတ်ရင်း ဒါတွေဟာ နေနှုန်းရဲ့ နှလုံးသားထဲကို စီးဝင်လှည့်ပတ်တော့မှာ ဟု တွေးရင်း တွေးရင်း အတိုင်းမသိ ခံစားလိုက်ရသည့် ပီတိလေ။

မျက်ဝန်းထဲမှာ စက္ကူတစ်ရွက်လို ဖြူဖွေးနေသောမျက်နှာ။ လျှမ်းတက်လာသော သွေးရောင်များ ၊ မမမိုးသခင်တိုးပိုင် ပစ္စည်းတွေထဲမှ သူ့ညီနှင့် တွဲရိုက်ထားသော ဓာတ်ပုံထဲမှ သူ့မျက်နှာ ယောက်ျားပီသ၍ နှစ်လိုဖွ

ယ်မျက်နှာပြင်။ သည် ယောက်ျားဟာ ကိုယ့်သွေးတစ်ပုလင်းကြောင့် အသက်ရှင်သန်ပြီဆိုသော ပီတိ၊ ကျေနပ်ကြည်နူးစိတ်ဖြင့် တွယ်ငြိသွားရသော သံယောဇဉ်။

ဒီကျောက်စိမ်းပြားအစား စက္ကူစုတ်တစ်ခု ဖြစ်နေရင်တောင် ကိုယ့်ပီတိက ဒီထက်လျော့နိုင်မှာ မဟုတ်တာ ကိုယ့်ဘာသာ သိလိုက်သည် ။ မျက်ဝန်းထဲမှာ စွဲငြိ စွန်းထင်းခဲ့ပြီ ဖြစ်သော ပုံရိပ်တစ်ခုကို တိတ်တိတ်ကလေး သံယောဇဉ် ဖြစ်သွားမိတာကို ဖယ်ရှားပစ်ဖို့ မလိုပါဘူးနော်။ ရှေ့တိုးတာမှ မဟုတ်ဘဲ ပြီးတော့ ဘယ်သူသိတာ လိုက်လို့ ကွယ် နှုတ်ခမ်းပွင့်ရုံလေးတော့ သူ့နာမည်ကို ခေါ်ကြည့်ချင်သား။

"နေနှုန်းရှိန်" ... တဲ့ ။

*****